Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.

Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

Weekly Political Events Regarding the SPDC's Election (017/2010)

နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၁၈/၂၀၁၀)

၂၀၁၀ ခုနှစ်၊ မေလ (၂၃) ရက်နေ့မှ မေလ (၂၉) ရက်နေ့အထိ

နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- စစ်အစိုးရအတွက် အရေးပါသော လေးလပတ်အစည်းအဝေး ကျင်းပရန်အတွက် ထိပ်သီးစစ်ဘက်အရာရှိကြီးများသည် နေပြည်တော်တွင် မေလ ၂၄ ရက်နေ့က ရောက်ရှိနေကြပြီဖြစ်ရာ ၂၀၁၀ ခုနှစ်အတွက် ပထမဆုံးဖြစ်သော လေးလပတ်အစည်းအဝေးကို မနက်ဖြန်မှစ၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)တွင် (၃) ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။ **(Mizzima 240510)** **Read More...**
- ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက မကွေးတိုင်းရေနံချောင်းမြို့နယ်၊ မင်းဘူးနယ်များတွင် လူထုအားအဖွဲ့ဝင်ဖြစ်ရင် ငွေချေးလို့ရ၊ ခရီးသွားရင်ထောက်ခံချက်နှင့်အဆင်ပြေကြောင်းအပြင် တစ်ယောက်ကို ဝင်ကြေး (၁၅၀၀) ကျပ်နှုန်းဖြင့်ဝင်ခိုင်းခြင်းများ၊ မတူကွဲပြားခြားနားသည့်ဆွဲဆောင်မှုများဖြင့်စည်းရုံးနေကြောင်း ဒေသခံတစ်ဦးကပြောသည်။ **(DVB 240510)** **Read More....**
- ပြည်ထောင်စုရွေးကောက်ပွဲကော်ရှင်အဖွဲ့ဝင် ဒေါက်တာဘာမောင်သည် ချင်းပြည်နယ်ရှိ ခရိုင်နှင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ တချို့ထံလာရောက်ကာ ရွေးကောက်ပွဲတွင် မဲပေးသူများ လွတ်လပ်စွာမဲပေးခွင့်ပြုရန် ပြောဆိုခဲ့ကြောင်း ချင်းပြည်နယ် ဖလမ်းမြို့ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးဆသင်ကပ် ကပြောသည်။ **(Mizzima 240510)** **Read More...**
- ကြံ့/ဖွံ့ပါတီ **(USDP)** သည် ပြည်နယ်နှင့်တိုင်းတချို့၌ ပါတီဝင်အဖြစ် အသိမှတ်ပြုသက်သေခံကဒ်ရရှိပါက ခရီးသွားလာမှုများ ပိုမိုလွယ်ကူမည်ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကဒ်နှင့် မကွာခြားကြောင်း ရွာသူ၊ ရွာသားများကို ပြောဆိုစည်းရုံးခဲ့သည့်အပြင် ဒေသခံအာဏာပိုင်များ၏ သြဇာသုံးပြီး မက်လုံးပေး၍ ပါတီဝင်စည်းရုံးမှုများ ပြုလုပ်နေသည်။ **(Irrawaddy 260510)** **Read More...**
- ဝန်ကြီး ဦးအောင်သောင်းနှင့် ရင်းနှီးသူလည်းဖြစ်၊ ကြံ့ဖွံ့ပါတီမှအမတ်လောင်းအဖြစ် လျှာတားခြင်းခံရသူ ဦးသိန်းမောင်သည် ရသေ့တောင်မြို့နယ်တွင်းရှိ ကျေးရွာများတွင် သိန်းပေါင်းများစွာကို လိုက်လံထောက်ပံ့လှူဒါန်းပြီး ရွေးကောက်ပွဲတွင် သူ့ကိုမဲထည့်ပေးရန် ပြောဆိုမဲဆွယ်စည်းရုံးနေသည်။ **(Narinjara 260510)** **Read More....**
- ကရင်ပြည်နယ်၊ မြဝတီမြို့ ကြီခင်းရပ်ကွက်ရှိ လေ့ဂိတ်တွင် ကြီခိုင်ရေးအသင်းက ရန်ပုံငွေအတွက်ဟု အမည်ခံပြီး ငွေတောင်းခံခြင်းအပြင် မဲဆောက်တစ်ဘက်ကမ်းမှ ဝင်လာသည့် ပစ္စည်းအပေါ်မူတည်ပြီး ရလာသည့်ငွေပမာဏမှ ၂၀ ရာခိုင်နှုန်း ကောက်ယူနေသည်ဟု ထိုဂိတ်ရှိ လေ့သမားနှင့် နီးစပ်သူတစ်ဦးက ပြောသည်။
(IMNA 260510) **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.

- ရှမ်းပြည် (မြောက်ပိုင်း) မန်တုံနှင့် နန်ဆန်မြို့နယ်အတွင်းရှိ ပလောင်ကျေးရွာများတွင် တစ်အိမ်ထောင်လျှင် အသက် (၂၀) အရွယ်လူငယ်များကို ဦးစားပေးတစ်ဦးကျနှုန်းဖြင့် ပြည်သူ့စစ်တိုးဖွဲ့ရန် ကျေးရွာဥက္ကဋ္ဌများက လူစာရင်းကောက်ယူနေသည်။ **(NEJ 260510)** **Read More...**
- ၂၀၁၀ ရွေးကောက်ပွဲ မဲပေးရန်အတွက် ယခုလ ၂၅ ရက်နေ့မှစတင်ကာ ယနေ့ထိ စစ်ကိုင်းတိုင်း၊ မုံရွာမြို့ပေါ်ရှိ ရပ်ကွက်အားလုံးတွင် အသက် (၁၈) နှစ်ပြည့်ပြီးသူတိုင်း ပုံစံ(၁၀) ဖြင့် တိုက်ကြည့်ကာ လူဦးရေစာရင်းများ အတိအကျ လိုက်လံကောက်ခံနေကြောင်း မြို့ခံများက ပြောသည်။ **(Yoma3 280510)** **Read More...**
- မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများသည် သတ်မှတ် ပါတီဝင်အင်အားစာရင်းကို သတ်မှတ်ချိန်အတွင်း တင်ပြရန်နှင့် မတင်ပြနိုင်ပါက မှတ်ပုံတင်ထားခြင်းကိုပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းမည်ဖြစ်ကြောင်း သတိပေးကြေညာချက်အား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ယနေ့ထုတ်ပြန်လိုက်သည်။ **(Irrawaddy 290510)** **Read More...**

အတိုက်အခံအဖွဲ့အစည်းများ

(က) ပြည်တွင်းအင်အားစုများ

- ကရင်ပြည်နယ်နှင့် အခြားတိုင်းရင်းသားဒေသများတွင် မြန်မာစစ်အစိုးရ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုသည် စစ်ရာဇဝတ်မှုမြောက်သဖြင့် ကုလသမဂ္ဂအနေဖြင့် စုံစမ်းရေးကော်မတီတစ်ရပ် ဖွဲ့စည်းပြီး အရေးယူဆောင်ရွက်ပေးစေလိုကြောင်း ကရင်အမျိုးသား စည်းလုံးညီညွတ်ရေးအဖွဲ့က တိုက်တွန်းတောင်းဆိုလိုက်သည်။ **(RFA 230510)** **Read More...**
- သောက်သုံးရေရှားပါးမှုနှင့် ကြံ့တွေ့နေရသည့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းမှ ဒေသအချို့တွင် ရေလှောင်ကန်တူးဖော်ပေးနိုင်ရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** အမျိုးသမီးအဖွဲ့နှင့် လူငယ်များ စုပေါင်းစီစဉ်နေသည်ဟု အဖွဲ့ချုပ်အမျိုးသမီးခေါင်းဆောင် ဒေါ်မေဝင်းမြင့်ကပြောသည်။ **(DVB 240510)** **Read More...**
- ကော့သောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** က ဦးဆောင်၍ ၄င်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင်စာသင်ကျောင်းများနှင့် မိဘမဲ့ကလေးများပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပြုလုပ်သွားမည်ဟု ပါတီခေါင်းဆောင်တဦးက ပြောသည်။ **(NMG 240510)** **Read More....**
- ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံကို အသက်သွင်းမည့်၊ မတရားသည့် ရွေးကောက်ပွဲအား ပြတ်ပြတ်သားသားဆန့်ကျင်သပိတ်မှောက်ကြရန် မေလ ၂၅ ရက်နေ့က မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး၊ ၈၈ မျိုးဆက်ကျောင်းသားများနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်တို့က ကြေညာချက်ထုတ်ပြန်လိုက်သည်။
  (NEJ 250510) **Read More...**
- ၁၉၉၀ ပြည့် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** ၏ အနှစ် ၂၀ မြောက် ရွေးကောက်ပွဲအောင်ပွဲနေ့ အခမ်းအနားကို **NLD** ဒု ဥက္ကဋ္ဌ ဦးတင်ဦးနေအိမ်၌ ယနေ့ ကျင်းပကာ အခမ်းအနားသို့ ပါတီဝင် ၁၀၀ ခန့် တက်ရောက်ခဲ့သည်။ **(Irrawaddy 270510)** **Read More...**
- ဒေါ်အောင်ဆန်းစုကြည်၏ ဓာတ်ပုံဖြန့်ဝေ၍ နိုင်ငံတော်ဆုပူစေရန် လှုံ့ဆော်မှု ပုဒ်မ ၅၀၅ (ခ) ဖြင့် ၂ နှစ်နှင့် တရားမဝင်အဖွဲ့အစည်းများနှင့် ဆက်သွယ်မှုဖြင့် ၂ နှစ်ခွဲချကာ ထောင်ကျနေသော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင် ကိုကျော်မျိုးနိုင် ခေါ် ကိုကျော်ကြီးကို ယမန်နေ့က တာမွေမြို့နယ်ရှိ အရှေ့ပိုင်းခရိုင် တရားရုံးက အီလက်ထရောနစ်အက်ဥပဒေဖြင့် ထောင်ဒဏ် ၁၀ နှစ် ထပ်မံ ချမှတ်လိုက်သည်။
  (Mizzima 280510) **Read More...**
- ၁၉၉၀ ရွေးကောက်ပွဲ အထိမ်းအမှတ်နေ့တွင် ရန်ကုန်တိုင်းအတွင်းရှိ ၁၀ မြို့နယ်က အဖွဲ့ချုပ်ဝင် ၃၀ စုပေါင်းပြီး ဗဟန်းမြို့က ရွှေကြက်ယက်ဘုရားတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေး ဆုတောင်းပွဲတခု ပြုလုပ်ခဲ့သည်။ **(DVB 280510)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.

- ဖိလစ်ပိုင်နိုင်ငံမှာ ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာ့ဒီမိုကရေစီအရေးကို ထောက်ခံအားပေးခဲ့တဲ့ သမ္မတဟောင်း ကိုရာဇန်အကွီနိုရဲ့သား နွှင်းနွှင်းအကွီနိုသမ္မတအဖြစ် ရွေးချယ်ခံရမှုအပေါ် ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် မြန်မာ့ဒီမိုကရေစီအရေးအတွက်လည်း အားပေးထောက်ခံ ကူညီဆောင်ရွက်သွားမည်ဟု ယုံကြည်ပါကြောင်းကို အဖွဲ့ချုပ်က သဝဏ်လွှာတစ်စောင် ပေးပို့ခဲ့သည်ဟု ပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်က ပြောသည်။
(DVB 280510) **Read More...**
- ဒီပဲယင်းနှစ်ပတ်လည်ကို မွန်လေးမြို့ပေါ်ဘုန်းကြီးကျောင်းတွေမှာ ကျင်းပရန် အဖွဲ့ချုပ်တာဝန်ရှိသူတွေ အားထုတ်ခဲ့ပေမယ့် သက်ဆိုင်ရာဘုန်းကြီးတွေ ငြင်းပယ်ခံရမှုအပေါ် စစ်အစိုးရဦးစီးကျင်းပမယ့် ရွေးကောက်ပွဲမတိုင်မီ အာဏာပိုင်တွေက ဖိအားပေးတင်းကြပ်မှုတွေ အမျိုးမျိုးရှိမှုတွေကြောင့် ဖြစ်သည်ဟု ထိုင်းနယ်စပ် နိုင်ငံရေးလှုပ်ရှားနေသော ဦးဇဝနက မိန့်ကြားခဲ့သည်။ **(RFA 290510)** **Read More...**
- ပြည်သူ့တပ်မတော်သားအပါအဝင် တိုင်းရင်းသားတွေနှင့် ပြည်သူလူထုက ရှေ့ဆက်သွားမည့် အဖွဲ့ချုပ်ရဲ့ လုပ်ငန်းလုပ်ရပ် ကိစ္စအဝဝမှာ ဒေါ်အောင်ဆန်းစုကြည်ကို အားလုံးဝိုင်းရံကြပြီး စာနာနားလည်မှုရှိပြီးတော့ ငြိမ်းချမ်းသောနည်း၊ တစ်ယောက်နှင့်တစ်ယောက် တိုက်ရိုက်အကြီးအကဲများ တွေ့ဆုံတဲ့နည်းနှင့် ဖြေရှင်းနိုင်အောင် ဝိုင်းဝန်းကူညီပံ့ပိုးကြရန် မနက်ဖြန်မှာ ၇ နှစ်ပြည့်မည့် ဒီပဲယင်းတိုက်ခိုက်ခံရမှု နှစ်ပတ်လည်အဖြစ် **NLD** ဒု–ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးဟောင်း သူရဦးတင်ဦးက တိုက်တွန်းပြောကြားလိုက်သည်။ **(RFA 290510)** **Read More...**

(ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- လွန်ခဲ့သည့်ရက်ပိုင်းက ကျင်းပပြုလုပ်ပြီးစီးခဲ့သည့် ကရင်အမျိုးသားစည်းလုံးညီညွတ်ရေးနှီးနှောဖလှယ်ပွဲတွင် "ကရင်အမျိုးသားအတွင်း အမျိုးသားသွေးစည်းညီညွတ်မှု တည်ဆောက်ရာတွင် ဒီကေဘီအေအပါအဝင် ကရင်ခွဲ ထွက်အဖွဲ့အစည်းများကို ဥပေက္ခာပြု၍မရ" ဟု ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် **KNLA** မှ ဗိုလ်မှူးကြီးနယ်ဒါးမြကပြောကြားလိုက်သည်။ **(NEJ 240510)** **Read More...**
- နအဖ စစ်အစိုးရမှ ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲသည် စစ်အာဏာရှင်စနစ် တရားဝင် သက်ဆိုးရှည်ရေးအတွက် သာဖြစ်ပြီး တိုင်းရင်းသားလူမျိုးစုများ၏ အကျိုးစီးပွားမပါဝင်သည့်အတွက် ဆန့်ကျင်ရှုတ်ချကြောင်း မေလ ၂၁ ရက်နေ့က ကျင်းပြပြုလုပ်ပြီးစီးခဲ့သည့် (၇) ကြိမ်မြောက် ကရင်အမျိုးသားစည်းလုံးညီညွတ်ရေးနှီးနှောဖလှယ်ပွဲတွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ **(KIC 240510)** **Read More...**
- အပစ်ခတ်ရပ်အဖွဲ့များအပေါ် နယ်ခြားစောင့်တပ်ပြောင်းရေး ဖိအားများ ဆက်လက်ရှိနေချိန်တွင် စစ်အစိုးရက တိုင်းရင်းသားအဖွဲ့တခုကို တိုက်ခိုက်ပါက ပြန်လည်၍ ပူးပေါင်း တွန်းလှန်တိုက်ခိုက်ရန် ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ယခုလ ၂၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ လျှို့ဝှက်ကျင်းပခဲ့သည့် အစည်းအဝေးတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ၅ ဖွဲ့ **(KIO, NMSP, CNF, KNU, KNPP)** တို့မှ သဘောတူလိုက်ကြသည်။
(Mizzima 270510) **Read More...**
- **RCSS** ခေါ် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီက တစည်ပါတီနှင့် ကြံ့ဖွံ့ပါတီတွင် ပါဝင်ကြမည့် သျှမ်းပြည်မှ ပြည်သူလူထုအား အသိအမှတ်ပြု ထောက်ခံခြင်း မရှိကြောင်းအပါအဝင် ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုခဲဖြစ်ပြီး ၂၀၁၀ ရွေးကောက်ပွဲကို ကန့်ကွက်ကြောင်း မေ ၂၆ ရက်နေ့၌ ကြေညာချက်တစောင် ထုတ်ပြန်သည်။
(S.H.A.N 270510) **Read More....**

(ဂ) ပြည်ပအင်အားစုများ

- ဂျပန်နိုင်ငံ တိုကျိုမြို့၌ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ပြည်ပ–ဂျပန်) မှ မေလ ၂၃ ရက်နေ့က ဦးဆောင်ကျင်းပသော ၂၀၁၀ ရွေးကောက်ပွဲအား ဆန့်ကျင်သည့် အခမ်းအနားတစ်ရပ်တွင် လူအင်အား ၁၀၀ တက်ရောက်ခဲ့သည်။
(Narinjara 260510) **Read More....**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.

- ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုပေးရေးရန် လန်ဒန်ရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများက မြန်မာသံရုံးရှေ့တွင် မဲပုံးထောင် မဲပြားထည့်ကြခြင်း အစီအစဉ်အပါအဝင် သွားရောက်စုရုံး ဆန္ဒပြခဲ့ကြသည်။ **(DVB 270510)** **Read More...**
- စစ်အစိုးရ၏ ၂၀၁၀ ရွေးကောက်ပွဲကို ကန့်ကွက်ရှုတ်ချသည့် ကမ္ဘာ့လုံးဆိုင်ရာလှုပ်ရှားမှုနေ့အဖြစ် ပြည်ပအခြေစိုက် ဒီမိုကရေစီတပ်ပေါင်းစု ဆယ်စုမှ နိုင်ငံခြားရေးကော်မတီများကို စုဖွဲ့ထားသည့် နိုင်ငံခြားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအဖွဲ့ **(FACT)** မှ ကမကထပြုကာ နိုင်ငံအလိုက် လှုပ်ရှားမှုများကို ယနေ့ ကျင်းပခဲ့သည်။ **(Irrawaddy 270510)** **Read More...**
- ရှေ့ပြောင်းအလုပ်သမား ၂၀၀ ကျော်က ထိုင်းနိုင်ငံမဲဆောက်မြို့တွင် ကြာသပတေးနေ့က ပြုလုပ်သော မဲရွေးပွဲတွင် နအဖ စစ်ခေါင်းဆောင်နှင့် အတိုက်အခံခေါင်းဆောင်တို့ကို ဆန္ဒမဲပြားပေါ်တွင် စိတ်ကြိုက်ရွေးချယ်ကာ မဲပေးကြပြီး စစ်အစိုးရက ကျင်းပမည့် ရွေးကောက်ပွဲကို ရှုတ်ချလိုက်ကြသည်။ **(Mizzima 270510)** **Read More...**
- စစ်အစိုးရကိုယ်တိုင်ရေးဆွဲတဲ့ ၂၀၀၈ ဖွဲ့စည်းပုံကို အခြေခံထားသော စစ်အုပ်ချုပ်ရေးကို ပိုမိုသက်ဆိုးရှည် စေမည့် ၂၀၁၀ ရွေးကောက်ပွဲကိုသပိတ်မှောက်ကြရန်နှင့် ၁၉၉၀ ရွေးကောက်ပွဲနှစ်ပတ်လည်နေ့မှာ ညီညွတ်သော တိုင်းရင်းသားများမဟာမိတ်အဖွဲ့ ယူအန်အေအဖွဲ့ဝင် မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၉၀ ရွေးကောက်ပွဲရလဒ်ကို ဆုပ်ကိုင်ထားပြီး တိုက်တွန်းလိုက်ပါသည်။ **(DVB 270510)** **Read More...**
- တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် မြန်မာနိုင်ငံမသွားခင် ဂျပန်နိုင်ငံကို သွားရန်ရှိသည့်အတွက် ဂျပန်ရောက် မြန်မာ့ဒီမိုကရေစီအင်အားစုတွေက တရုတ်အစိုးရအနေနှင့် မြန်မာစစ်အစိုးရကို ဖိအားပေးရန် တရုတ်သံရုံးရှေ့တွင် သွားရောက် ဆန္ဒပြခဲ့ကြသည်။ **(DVB 280510)** **Read More...**
- မေလ ၂၇ ရက်နေ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားခရိုင်ရှိ နွားရုံတောင်ကျေးရွာတွင် ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်သည့် ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုအခမ်းအနားသို့ လူအင်အား ၁၀၀ တက်ရောက်ပြီး ဒဏ္ဍား အခြေစိုက် ရခိုင်အမျိုးသမီးများ အစည်းအရုံးမှ ဦးဆောင် ကျင်းပခဲ့ခြင်း ဖြစ်သည်။ **(Narinjara 280510)** **Read More....**

အပစ်ရပ်အဖွဲ့အစည်းများ

(က) နယ်ခြားစောင့်တပ် အသွင်မပြောင်းရသေးသည့်အဖွဲ့များ

- တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် မြန်မာပြည်ကို လာရောက်စဉ် တိုင်းရင်းသားအပစ်ရပ်အဖွဲ့များနှင့်ပြဿနာကို နအဖစစ်အစိုးရအား အေးအေးချမ်းချမ်းဖြေရှင်းနိုင်အောင် တိုက်တွန်းပြောဆိုသွားနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ကချင်လွတ်လပ်ရေးတပ်မတော် **(KIA)** ဒု–စစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် ဂွမ်မော်ကပြောသည်။ **(BBC 230510)** **Read More...**
- ဝတပ်ဖွဲ့ခေါင်းဆောင်များအနေဖြင့် နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကိစ္စကို နားလည်မှုလွဲနေ၍ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **(UWSA)** ခေါ် ဝတပ်ဖွဲ့ ဥက္ကဋ္ဌ ပေါက်ယူချန်းကိုယ်တိုင် လားရှိုးမြို့သို့ လာရောက်စေလိုကြောင်း အရှေ့မြောက်တိုင်း စစ်ဌာနချုပ် (ရမခ) တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွန်ဋ္ဌက မေလ ၁၉ ရက်နေ့တွင် စာရေးကမ်းလှမ်းခဲ့သည်ဟု ဝတပ်ဖွဲ့ခေါင်းဆောင်များနှင့် နီးစပ်သူတစ်ဦးကပြောသည်။ **(NEJ 240510)** **Read More...**
- နအဖ စစ်အစိုးရက ၂၀၁၀ ရွေးကောက်ပွဲ မတိုင်ခင် အပစ်ရပ်တိုင်းရင်းသားအဖွဲ့များကို နယ်ခြားစောင့်တပ်အသွင်ပြောင်းမည့်ကိစ္စကြောင့် တိုးတက်သောကရင်ဗုဒ္ဓဘာသာတပ်မတော် **DKBA** တပ်ဖွဲ့အတွင်း သဘောထားချင်းတိုက်ဆိုင်မှုမရှိဘဲ မရှင်းမလင်းဖြစ်နေသည်ဟု မေလ ၂၄ ရက်နေ့၌ နယ်ခြားစောင့်တပ်ကို လက်မခံသည့် **DKBA** တပ်မဟာ (၅၅၅) မှ တပ်ခွဲမှူးတစ်ဦးက ပြောသည်။ **(KIC 240510)** **Read More...**
- နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကိစ္စကို ထပ်မံဆွေးနွေးရန်အတွက် မေလ (၁၉) ရက်တွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် (ရမခ) တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွန်ဋ္ဌ၏ ဖိတ်ကြားမှုကို ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **UWSA** က ငြင်းဆန်လိုက်သည်။ **(S.H.A.N 240510)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.

- သျှမ်းပြည်တပ်မတော် **SSA** ဌာနချုပ်၌ မေလ ၂၁ ရက်နေ့က ပြုလုပ်ကျင်းပခဲ့သော ၅၂ နှစ်မြောက် သျှမ်းပြည်အမျိုးသားတော်လှန်ရေးနေ့အခမ်းအနားတွင် အပစ်ရပ်မှ တောပြန်ခိုခဲ့သည့် ဗိုလ်ချုပ်စိုင်းယီက အပစ်ရပ်မြောက်ပိုင်း **SSA** အား တိုင်ပြည်နှင့်လူမျိုးအတွက် ရဲရင့်ပြတ်သားစွာကိုယ်ကျိုးစွန့်ရန် သတိပေးပြောကြားလိုက်သည်။ **(S.H.A.N 240510)** **Read More...**
- စစ်အစိုးရတောင်းဆိုထားသည့် နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးကို လက်မခံသော **UWSA** ဝ ပြည်သွေးစည်း ညီညွတ်ရေးတပ်မတော် (တောင်ပိုင်း) တပ်ဖွဲ့ကို လွန်ခဲ့သည့်အပတ်တွင် နအဖ စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒု-ဗိုလ်ချုပ် ကြီးရဲမြင့်က ခေါ်ယူတွေ့ဆုံခဲ့ကြောင်း အမည်မဖော်လိုသည့် ဝ အရာရှိတစ်ဦးကပြောသည်။ **(DVB 240510)** **Read More...**
- ရှမ်းပြည်အရှေ့ပိုင်း အထူးဒေသ (၂) ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ **(UWSP)** က အဖွဲ့၏ ချမှတ်ထားသည့် မူဝါဒများနှင့် ပတ်သက်၍ ဒေသခံလူထုအားရှင်းချပြနိုင်ရန်အတွက် ဝသပ ခေါင်းဆောင်တစ်ဦးဖြစ်သူ ပေါက်ယူယိုက မိုင်းမောခရိုင် အတွင်းရှိ မြို့နယ်နှင့်တိုက်နယ်အဆင့်ရှိ ခေါင်းဆောင်များကို လိုက်လံရှင်းပြနေသည်။ **(NMG 240510)** **Read More...**
- စစ်အစိုးရ မြောက်ပိုင်းတိုင်း တိုင်းမှူးဗိုလ်ချုပ်စိုးဝင်းနှင့်အဖွဲ့သည် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ **KIO** ခေါင်းဆောင်အချို့နှင့် လွန်ခဲ့သည့်အပတ်က မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တည်ရှိရာ မြစ်ကြီးနားမြို့တွင် တွေ့ဆုံကာ နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကိစ္စအပါအဝင် မြစ်ဆုံဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **(Irrawaddy 250510)** **Read More...**
- အပစ်ရပ် **SSA** တပ်မဟာ ၁ ဌာနချုပ်သို့ ၄င်းထိန်းချုပ်နယ်မြေအတွင်းရှိ ပလောင်ကျေးရွာများမှ ကျေးရွာ အကြီးအကဲများက ဗိုလ်ချုပ်ပန်ဖှအား ဗမာစစ်တပ်လက်အောက်ခံပြည်သူ့စစ်မလုပ်ရန် တောင်းဆိုပန်ကြားခဲ့သည်။ **(S.H.A.N 260510)** **Read More....**
- အပစ်ရပ် မွန်ပြည်သစ်ပါတီကို နအဖစစ်ကောင်စီက ကမ်းလှမ်းတဲ့ နယ်ခြားစောင့်ဖြစ်ဖြစ်၊ ပြည်သူ့စစ်ဖြစ်ဖြစ် အသွင်မကူးပြောင်းနိုင်ဘူးလို့ ရပ်တည်ချက်အပေါ် သဘောမတူတဲ့အတွက် ပါတီထိပ်တန်းခေါင်းဆောင်သုံးဦး နှုတ်ထွက်သွားသည်ဟု ပါတီပြောခွင့်ရသူ နိုင်ခြေးမွန်က ပြောသည်။ **(DVB 270510)** **Read More....**
- ဝ ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် **(UWSA)** က ဒေသတွင်း နေထိုင်တဲ့ ပြည်သူတွေကို မေလ (၂၇) ရက်ကစပြီး **UWSA** ၏ ရပ်တည်ချက်ကို ရှင်းလင်းတင်ပြနေသလို၊ ဇပြီလက ပြည်မကို ပြန်သွားတဲ့ အစိုးရအမှုထမ်းများ ဝ နယ်မြေအတွင်း ပြန်လည်ဝင်ရောက်လာမှုကို ခွင့်မပေးဟု ပန်ဆန်းမြို့ **UWSA** အရာရှိတွေက ပြောသည်။ **(RFA 280510)** **Read More...**

(ခ) နယ်ခြားစောင့်တပ်အသွင်ပြောင်းပြီးသည့်အဖွဲ့များ

- သျှမ်းပြည် (မြောက်ပိုင်း) လောက်ကိုင်ခရိုင်တရားရုံးက မြန်မာစစ်တပ်လိုလားသူ ကိုးကန့်ဥက္ကဋ္ဌသစ် ဦးပိုင်စုံချိန်အား လုပ်ကြံရန် စွပ်စွဲချက်ဖြင့် ဖမ်းဆီးခံရသူများဖြစ်သည့် ယခင် ကိုးကန့်တပ်ဖွဲ့ဝင်ဟောင်းများဖြစ်သော ဗိုလ်မှူးချိန်လိကျုံးအပါအဝင် ကျီဝေ၊ လော်ဝေ၊ စင့်ရွန်းလျန်၊ ရှမ့်ရှမ်း၊ လျှို့ရင်ဟောင်ကျားတို့ (၆) ဦးတို့အား ပုဒ်မ ၁၉ (စ) လက်နက်မှုဖြင့် ထောင် (၅) နှစ်စီ မေလ ၂၁ ရက်နေ့တွင် ပြစ်ဒဏ်ချမှတ်လိုက်သည်။ **(S.H.A.N 290510)** **Read More....**

အခြားနိုင်ငံရေးအင်အားစုများ

(က) နိုင်ငံရေးပါတီတည်ထောင်ခွင့်ရပြီးသောပါတီများ

- နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိသော မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီက "မွန်အမျိုးသားထုတစ်ရပ်လုံးနဲ့ မွန်ဒေသအတွင်းမှာရှိတဲ့ တိုင်းရင်းသားညီအစ်ကိုတွေရဲ့ရပိုင်ခွင့်အတွက် ဥပဒေဘောင်အတွင်းကနေ ကျနော်တို့ ကိုယ်စားပြု ဆောင်ရွက်သွားမယ်"ဟု ပါတီပြောခွင့်ရပုဂ္ဂိုလ် ဒေါက်တာမင်းနွယ်စိုးက ပြောသည်။ **(NMG 240510)** **Read More....**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.

- သက်ဆိုင်ရာ အာဏာပိုင်တို့၏ ခွင့်ပြုချက်ဖြင့် မြို (ခေါ်) ခမီ အမျိုးသားညီညွှတ်ရေးအဖွဲ့က ကျောက်တော်၊ မြောက်ဦး၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်းမြို့နယ်တို့တွင်ရှိသော ခမီး၊ မြို့၊ ဒိုင်းနား၊ ချင်း တိုင်းရင်းသား လူမျိုးစု ကျေးရွာများတွင် မဲစာရင်းကောက်ယူနေသည်ဟု အဖွဲ့ဝင်ကျောင်းဆရာအငြိမ်းစားတဦးမှ ပြောသည်။
(Kaladan 280510) **Read More....**
- ရွေးကောက်ပွဲ ကော်မရှင်မှ ပါတီဝင်အင်အားတင်ပြရန် ကြေညာလိုက်ချိန်တွင် ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်) ဥက္ကဋ္ဌ ဦးသုဝေက ပါတီဝင်အင်အားရဖို့ စည်းရုံးလှုပ်ရှားမှုတွေမှာ ထောက်လှမ်းရေးတွေရဲ့ နောက်ယောက်ခံလိုက်မှုကြောင့် ပါတီဝင်ဖို့ လူတွေကြောက်ရွံ့နေကြသလို အခက်အခဲတချို့နှင့် ရွေးကောက်ပွဲကျင်းပမဲ့နေ့ရက် တိတိကျကျ မသတ်မှတ်သေးမှုအပေါ် အစိုးရထောက်ခံတဲ့ပါတီတွေ လုပ်ချိန်ပိုများများရအောင် အာဏာပိုင်တွေကလုပ်နေတာ လို့ယူဆမိကြောင်း ပြောသည်။ **(BBC 290510)** **Read More...**

(ခ) နိုင်ငံရေးပါတီတည်ထောင်ခွင့်ရရှိရေးအတွက် လျှောက်ထားဆဲပါတီများ

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်ဟောင်းများပါဝင်တဲ့ အမျိုးသားဒီမိုကရေစီအင်းအားစု **(NDF)** အဖွဲ့က နေပြည်တော်တို့ သွားရောက်ပြီး ပါတီရဲ့ခေါင်းဆောင်တစ်ဦးဖြစ်သူ သက်နိန်းကျွန်းမြို့နယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွှန့်နှင့် တခြားကိုယ်စားလှယ် ၂ ဦးတို့က ရွေးကောက်ပွဲကော်မရှင်မှာ မှတ်ပုံတင်လျှောက်လွှာ တင်သွင်းခဲ့သည်ဟု ပါတီတာဝန်ရှိသူတွေက ပြောသည်။ **(DVB 280510)** **Read More...**

ပြည်သူနှင့် လူထုအခြေပြုအသင်းအဖွဲ့များ

- "အာဏာရူးကြီး မှူးကြီးသန်းရှေ" ဟူသည့် ကဗျာကို ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့ထုတ် အချစ်ဂျာနယ်၌ ဝေဖန်ရေးသားခဲ့မှုကြောင့် ထောင်ဒဏ် ၂ နှစ် ကျခံခဲ့ရပြီး စုစုပေါင်း ၂၈ လခန့် နေခဲ့ရသော ကဗျာဆရာ စောဝေသည် ယနေ့ ပြန်လွှတ်လာပြီဖြစ်ကြောင်း ၄င်း၏ ဇနီးဖြစ်သူက ပြောသည်။
(Irrawaddy 260510) **Read More...**

နိုင်ငံတကာဆောင်ရွက်မှုများ

(က) အစိုးရများ

- အမေရိကန်အစိုးရ၏ အထက်လွှတ်တော်အမတ် မစ္စတာဂျင်မ်ဝက်ဘ် **(Mr. Jim Webb)** သည် လာမည့် မေလ ၂၉ ရက်နေ့မှစ၍ ဇွန်လ ၆ ရက်နေ့အထိ ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့အပြင် မြန်မာနိုင်ငံကို သွားရောက်ရန်ရှိကြောင်း မေလ ၂၄ ရက်နေ့က ကြေညာချက်ထုတ်ပြန်လိုက်သည်။ **(VOA 250510)** **Read More...**
- ဇွန်လ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသို့ထပ်မံသွားရောက်မည့် အမေရိကန်အထက်လွှတ်တော် နိုင်ငံခြားရေးရာ ကော်မတီ၏ အာရှနှင့်ပစိဖိတ်ရေးရာ ကော်မတီဥက္ကဋ္ဌလည်းဖြစ်သူ ဂျင်မ်ဝက်ဘ်သည် ယခု ၃ ရက်ကြာခရီးစဉ်အတွင်း ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးအတွက် စစ်အစိုးရကို တိုက်တွန်းသွားဖွယ်ရှိသည်ဟု အေပီသတင်းတွင် ယနေ့ ရေးသားထားသည်။ **(Irrawaddy 260510)** **Read More...**
- မြန်မာစစ်အစိုးရကို ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဥရောပသမဂ္ဂရဲ့ ကိုယ်စားလှယ်အဖွဲ့လာရောက်ခွင့်နှင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများ အရင်လွှတ်ပေးရေးအပါအဝင် အများကယုံကြည်မှုရှိပြီး ပွင့်လင်းမြင်သာမှုရှိအောင် လုပ်ဆောင်ဖို့အတွက် အာဆီယံ **(ASEAN)** နှင့် ဥရောပသမဂ္ဂ **(EU)** တို့က ကြေငြာချက်ထုတ်ပြန်တောင်းဆိုလိုက်သည်။ **(RFA 270510)** **Read More....**
- မြန်မာနိုင်ငံက ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲ အနှစ် (၂၀) ပြည့်ချိန် ထုတ်ပြန်လိုက်တဲ့ ဖူးတွဲကြေညာချက်မှာ အမေရိကန်အထက်လွှတ်တော် အမတ် ၆ ဦးက စစ်အာဏာရှင်စနစ်နှင့် တိုင်းပြည်ကို အုပ်ချုပ်နေတာကို ဝေဖန်ရှုတ်ချ

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.

ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို အမြန်ပြန်လွှတ်ပေးပြီး စစ်မှန်တဲ့တွေ့ဆုံဆွေးနွေးရေးလုပ်ရန် ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက်သည်။
(RFA 280510) Read More....

(ခ) ဥရောပသမဂ္ဂ

- ဥရောပသမဂ္ဂ **(EU)** က မြန်မာ့ဒီမိုကရေစီရေး ဖိအားပေးရန် ချဉ်းကပ်မှုအသစ် တစိတ်တပိုင်းအနေဖြင့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ မြန်မာနိုင်ငံသို့စေလွှတ်မည်ဟု စပိန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ နိုင်ငံခြားရေးမူဝါဒ အထွေထွေညွှန်ကြားရေးမှူး ဟိုဆေးယူဟင်နီယို ဆလာရစ်ချ် **(Jose Eugenio Salarich)** က စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် လွန်ခဲ့သည့်သီတင်းပတ်က **EU** နှင့် အာဆီယံဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။
(Irrawaddy 250510) Read More...

(ဂ) အစိုးရမဟုတ်သော အဖွဲ့အစည်းများ

- မြန်မာနိုင်ငံက ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး တသွေးတည်းညီညွတ်ကြောင်း ပြသသည့်အနေဖြင့် ကနေဒါနိုင်ငံ အွန်တေရီယိုပြည်နယ် **London** မြို့တွင် **Captives' Release Party Funderaiser** ဟုခေါ်သော အဖမ်းခံရသူများ လွတ်မြောက်ရေးအတွက် ရန်ပုံငွေပွဲတစ်ရပ်ကို မေလ ၂၃ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည်။ **(RFA 240510)** Read More...
- စစ်အစိုးရက ရွေးကောက်ပွဲ ကျင်းပမယ်ဆိုတာဟာ နှစ်ပေါင်း(၂၀) အတွင်း ပထမဆုံးအကြိမ်အဖြစ် မြန်မာပြည်မှာ ရွေးကောက်ပွဲတွေ လုပ်မှာဖြစ်ပြီး အရပ်ဝတ်အရပ်စားတွေ ပြောင်းပြီး စစ်တပ်ကပဲ အုပ်ချုပ်မည်၊ အာဏာကို ဆုပ်ကိုင်ထားမှု နည်းနည်းမှ လျော့မည့်ပုံမပြသေးဟု လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ **(Human Rights Watch)** က ပြောဆိုလိုက်ပါတယ်။ **(VOA 260510)** Read More....
- မေလ ၂၅ ရက်နေ့ ညနေပိုင်းက အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့တော်မှာ 'တရားမဝင်အုပ်ချုပ်မှုကို တရားဝင်အောင်လုပ်ခြင်း' ဆိုတဲ့ခေါင်းစဉ်နဲ့ ကျင်းပခဲ့တဲ့ ပညာရှင်တွေရဲ့ဆွေးနွေးပွဲကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အရာရှိတွေ၊ မြန်မာ့အရေးလေ့လာနေကြတဲ့ နိုင်ငံတကာတက္ကသိုလ်ပညာရှင်တွေ၊ ဝါရှင်တန်မှာရှိတဲ့ နိုင်ငံတကာသံတမန်တချို့နဲ့ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူတွေ အပါအဝင် စုစုပေါင်း လူ ၁၀၀ နီးပါး တက်ရောက်ခဲ့သည်။ **(RFA 260510)** Read More...
- ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ဂေါ်ဒွန်ဘရောင်းက သူ့ဘဝမှာ လေးစားဂုဏ်ယူမိတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ထံ လေးစားချီးကျူးကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ မြန်မာပြည်သူတွေ လွတ်မြောက်ရေးအတွက် စွမ်းစွမ်းတမံ ကူညီသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်အိမ်တော်ကနေ မထွက်ခွာခင် ကိုယ်တိုင်ရေးသားသော ပေးစာတစ်စောင် ပေးပို့ခဲ့သည်။ **(RFA 280510)** Read More...
- မြန်မာနိုင်ငံက ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲမတိုင်ခင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို ပုဂ္ဂလိကပိုင် မြန်မြန်သွက်သွက်လုပ်လာတာအပါအဝင် လက်ရှိစစ်အစိုးရရဲ့ နိုင်ငံရေးအခင်းအကျင်းတွေကို ဝေဖန်ထောက်ပြထားတဲ့ မြန်မာ့ရွေးကောက်ပွဲ **The Myanmar Elections** အမည်နှင့် အစီရင်ခံစာ တစ်စောင်ကို နိုင်ငံတကာ ပဋိပက္ခလေ့လာရေးအဖွဲ့ **International Crisis Group, ICG** က မနေ့က ထုတ်ပြန်လိုက်သည်။
(BBC 280510) Read More...

End of report/ Saturday, May 29, 2010
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။
Documentation and Research Department (NDD)